မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃၉ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် ( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၄**

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် )

**အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီ**
**(National Electrification Executive Committee) ဖွဲ့စည်းခြင်း**

၁။ ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရန် ရေးဆွဲထားသည့် National Electrification Plan အား စနစ်တကျနှင့် ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးအမှုဆောင်ကော်မတီ (National Electrification Executive Committee)** " ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | နာယက |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဒုတိယဝန်ကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — အတွင်းရေးမှူး

(ည) ဒုတိယဝန်ကြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ ကော်မတီသည် National Electrification Plan အရ ဆောင်ရွက်သည့်လုပ်ငန်းများအတွက် Development Partner များနှင့် အဖွဲ့အစည်းအသီးသီး၏ ကူညီထောက်ပံ့မှုများကို စနစ်တကျစီမံခန့်ခွဲ၍ ဆောင်ရွက်ပြီးစီးမှုကို ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၁၄

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )

### ပျူမြို့ဟောင်း (၃) မြို့ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (Committee for the Management of Three Pyu Ancient Cities) ဖွဲ့စည်းခြင်း

၁။ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရသည့် ပျူမြို့ဟောင်း (၃) မြို့နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **"ပျူမြို့ဟောင်း (၃) မြို့ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (Committee for the Management of Three Pyu Ancient Cities)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

(က) ဒုတိယသမ္မတ (၂) — နာယက

(ခ) ပြည်ထောင်စုဝန်ကြီး ယဉ်ကျေးမှုဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ဂ) ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ဒုတိယဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ဒုတိယဝန်ကြီး ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ဒုတိယဝန်ကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ဒုတိယဝန်ကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ဒုတိယဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(ဍ) ဝန်ကြီး — အဖွဲ့ဝင်
လူမှုရေးဝန်ကြီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဎ) ဝန်ကြီး — အဖွဲ့ဝင်
လူမှုရေးဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဏ) ဝန်ကြီး — အဖွဲ့ဝင်
လူမှုရေးဝန်ကြီးဌာန
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
သမဝါယမဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆည်မြောင်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဖ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ယဉ်ကျေးမှုဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ ပျူမြို့ဟောင်း (၃) မြို့ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (Committee for the Management of Three Pyu Ancient Cities) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကမ္ဘာ့အမွေအနှစ်ဒေသများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများ၏ ရေရှည် စီမံခန့်ခွဲမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို UNESCO နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ချမှတ်ထားသော မူ၊ ဘောင်၊ သတ်မှတ်ချက်၊ အကြံပြုချက်တို့နှင့် လိုက်လျော ညီထွေဖြစ်စေရန် ဦးဆောင်လမ်းပြမှုတို့ကို ဆောင်ရွက်ရန်။

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ထိန်းသိမ်းရေးအတွက် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းပေးရန်၊ ဒေသအလိုက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ တာဝန်ရှိ သူများ၊ ဒေသခံအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးရန်၊ ဝန်ကြီးဌာနများမှ လိုအပ်သောပညာရှင်များ၊ အချက်အလက်များ၊ မြေပုံများရရှိရေးအတွက် ညှိနှိုင်းပေးရန်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံတော်သမ္မတရုံးတို့၏ ဆုံးဖြတ်မှု၊ ခွင့်ပြုမှုများ လိုအပ်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြရန်။

(ဃ) လိုအပ်သော အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တို့၌ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းဆက်စပ်မှု တို့နှင့် ပတ်သက်သော စီမံခန့်ခွဲမှု၊ ဦးဆောင်မှုကိုပေးရန်။

(င) ကမ္ဘာ့အမွေအနှစ်ကွန်ဗင်းရှင်းမှ ပြဋ္ဌာန်းသည့် ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုး သတ်မှတ်ချက်များ Criterions on Statement of Outstanding Universal Value (SOUV) နှင့် ကိုက်ညီစေရန် အတွက် မူဝါဒချမှတ်ပေးရန်။

(စ) ပျူမြို့ဟောင်း (၃) မြို့တွင် လက်ရှိ ရှိနေသော ယဉ်ကျေးမှုအမွေအနှစ်များအား မြို့ပြဒေသဖွံ့ဖြိုးရေး စီမံကိန်းများ၊ စီမံချက်များကြောင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးမှု မဖြစ်စေရန်နှင့် မပျောက်ပျက်အောင် ဒေသအလိုက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်။

(ဆ) ယဉ်ကျေးမှုအမွေအနှစ်များရှိရာနေရာ၊ ကြားခံနေရာများနှင့်ပတ်သက်၍ လိုက်နာရမည့် အချက်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများ လိုက်နာစေရန်အတွက် ကြီးကြပ် ဆောင်ရွက်ပေးရန်။

(ဇ) UNESCO နှင့် ဆက်စပ်အဖွဲ့များမှ စစ်ဆေးမည့်အဖွဲ့များ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များအဖွဲ့ လာရောက်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ရေး ဒေသအဆင့်တာဝန်ခံများနှင့် ညှိနှိုင်းဆက်သွယ် ဆောင်ရွက်ပေးရန်။

(ဈ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း၌ဖြစ်စေ၊ ဒေသတစ်ဆက်တစ်စပ်တည်း မြင်ကွင်းတစ်ခုဖြစ်၍ အကာအကွယ်ပေးရန်လိုအပ်သော ဆက်စပ်နယ်မြေ၌ဖြစ်စေ နေထိုင်ရန် လူနေအိမ်ခြေတိုက်တာ အဆောက်အအုံများ၊ လူသွားလမ်း၊ ယာဉ်သွားလမ်းများ၊ အသက်မွေးမှုအတွက် လယ်ယာများ၊ အခြားစီးပွားရေးလုပ်ငန်းများ အစရှိသည်တို့အတွက် ဆောင်ရွက်ခွင့်နှင့် မြေအသုံးချခွင့်ကို ထိန်းသိမ်း ကန့်သတ်ပေးရန်။

(ည) ပျူမြို့ဟောင်း (၃) မြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်မည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စည်းကမ်းများရေးဆွဲခြင်း၊ ထုတ်ပြန်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းပြုနိုင်ရေးအတွက် လိုအပ်သည်များကို တင်ပြဆောင်ရွက်ရန်။

(ဋ) World Heritage Center က သတ်မှတ်ထားချက်များ၊ ရေးဆွဲထားသည့် Management Plan ဆိုင်ရာ အချက်အလက်များလိုက်နာရေး၊ ဖောက်ဖျက်ကျူးလွန်မှုများကို ညှိနှိုင်းစိစစ်တားမြစ်ရေး ကိစ္စများ ဆောင်ရွက်ရန်။

(ဌ) နိုင်ငံတကာရှိ ကမ္ဘာ့အမွေအနှစ် Site များ၏ စံချိန်စံညွှန်းများနှင့်အညီ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းမှုတို့ သဟဇာတဖြစ်စေရေး စီမံဆောင်ရွက်ပေးရန်။

(၃) ရေတို၊ ရေရှည်စီမံချက်များရေးဆွဲ၍ Property Management Plan ပါ အချက်များ အကောင် အထည်ဖော်ဆောင်ရွက်သွားရန်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၁၄**

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ် အား စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက် သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရား များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာမျိုးကြွယ်<br>ဒုတိယပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) | ပါမောက္ခဒေါက်တာဒေါ်မြတ်သန္တာ<br>ဒုတိယပါမောက္ခချုပ် (စီမံ)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန်<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ် (ရန်ကုန်)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၂/၂၀၁၄**

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ရခိုင်ပြည်နယ်ဝန်ကြီးများအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးကျော်သိန်း | ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဦးကျော်ခင် | သစ်တောနှင့်သတ္တုဝန်ကြီးဌာန |
| (၃) | ဦးမြအောင် | စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန |
| (၄) | ဦးမောင်စံရွှေ | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၅) | ဒေါက်တာအောင်ကျော်မင်း | လူမှုရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )

**ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(၅) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ အခန်း (၃)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြဋ္ဌာန်းချက်အရ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးလိုက်သည် -

(က) ဒေါက်တာမောင်မောင်သိမ်း ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဒေါက်တာသန်းဆွေ အဖွဲ့ဝင်
ပါမောက္ခချုပ် (အငြိမ်းစား)
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

(ဂ) ဒေါ်ခင်လေးမြင့် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

(ဃ) ဦးဌေးချွန် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(င) ဒေါ်တင်ကြည်ဦး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(စ) ဒေါ်တင်မေဦး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

၂။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

၃။ ကော်မရှင်နှင့်ကော်မရှင်၏ ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၆၈ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲရန် ဖြစ်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် )

**မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ)ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ (မူကြမ်း)

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။ )**

၁၃၇၆ ခုနှစ်၊ လ ရက်
( ၂၀၁၄ ခုနှစ်၊ လ ရက် )

**နိဒါန်း**

ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းခဲ့သည့် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပါ ပြည်တွင်းရေကြောင်းတွင်

သယ်ယူပို့ဆောင်သည့် ရေယာဉ်များကိုသော်လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတွင် သယ်ယူပို့ဆောင်သည့် ရေယာဉ်များကိုသော်လည်းကောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီး စီမံခန့်ခွဲနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **မြန်မာ့ကမ်းရိုးတန်း**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ရေပြင်နယ်နိမိတ် အတွင်းရှိ ကမ်းရိုးတန်းကို ဆိုသည်။

(ဂ) **ပြည်တွင်းရေကြောင်း**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သော မြစ်၊ ချောင်း၊ ကန်၊ တူးမြောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော အခြားရေလမ်းတစ်ခုခုကို ဆိုသည်။

(ဃ) **ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း**ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ ငှားရမ်းခ သို့မဟုတ် အကျိုးခံစားခွင့် တစ်ခုခုအတွက် သော်လည်းကောင်း၊ ကုန်သွယ်မှု သို့မဟုတ် စီးပွားရေးကိစ္စတစ်ခုခုအတွက်သော်လည်းကောင်း ရေကြောင်းဖြင့် ဆိပ်ကမ်းတစ်ခုမှ တစ်ခုသို့ဖြစ်စေ၊ နေရာတစ်ခုမှ တစ်ခုသို့ဖြစ်စေ ရေယာဉ်ကို အသုံးပြု၍ သယ်ယူပို့ဆောင်ရေး ဆောင်ရွက်သော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် မြန်မာ့ကမ်းရိုးတန်း၌ဖြစ်စေ၊ ပြည်တွင်းရေကြောင်း၌ဖြစ်စေ စီးပွားရေးအလို့ငှာ ရေယာဉ်ဖြင့် လုပ်ကိုင်သောလုပ်ငန်းတစ်ခုခုလည်း ပါဝင်သည်။

(င) **ရေယာဉ်**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအလို့ငှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ ရေကြောင်း၌ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော စက်ရှိရေယာဉ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးကို ဆိုသည်။

(စ) **ကြီးကြပ်ရေးဗဟိုအဖွဲ့**ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ဆ) **ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့က လွှဲအပ်သည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ကြီးကြပ်နိုင်ရန် ဤဥပဒေအရ လိုအပ်သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ဖွဲ့စည်းပေးသော ဒေသဆိုင်ရာအဖွဲ့များကို ဆိုသည်။

(ဇ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သော်လည်းကောင်း၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း နှစ်မျိုးလုံးအတွက် သော်လည်းကောင်း လုပ်ကိုင်သည့် ရေယာဉ်အသင်းအဖွဲ့ သို့မဟုတ် ရေယာဉ်အတွက် ကြီးကြပ်ရေး ဗဟိုအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးဗဟိုအဖွဲ့က လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အဖွဲ့အစည်းက ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဈ) **ပို့ဆောင်ရေးဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန**ဆိုသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ကြီးကြပ်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းကို ကြီးကြပ်ရန်နှင့် ဤဥပဒေအရ အပ်နှင်းသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။

၄။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၃ အရ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကိုလည်း သတ်မှတ်ပေးနိုင်သည်။

(ခ) ဖွဲ့စည်းထားသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစားထိုးခန့်ထားခြင်း ပြုနိုင်သည်။

## အခန်း (၃)
## ကြီးကြပ်ရေးဗဟိုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ကြီးကြပ်ရေးဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အိမ်နီးချင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ ဒေသတွင်းဖွဲ့စည်းထားသည့်အဖွဲ့အစည်းများနှင့်သော် လည်းကောင်း ချုပ်ဆိုထားသော သဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှစ်မျိုးလုံးအတွက်သော်လည်းကောင်း လုပ်ငန်း လိုင်စင် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် ခရီးစဉ်နှင့် နယ်မြေအတွက် လုပ်ငန်း လိုင်စင် ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခြင်း၊ အသစ်လဲခြင်း၊ လုပ်ငန်း ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် အခကြေးငွေများ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) ပါ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသို့ လွှဲအပ်ခြင်း၊

(ဃ) လုပ်ငန်းလိုင်စင် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) လုပ်ငန်းလိုင်စင် ထုတ်ပေးထားသည့် ရေယာဉ်ကို ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းအတွက် စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း၊

(စ) ကြီးကြပ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဝန်ထမ်း ဖွဲ့စည်းပုံနှင့်အညီ ရုံးအဖွဲ့ကိုဖွဲ့စည်းပြီး လိုအပ်သည့် အရာထမ်း အမှုထမ်းများ ခန့်အပ်တာဝန်ပေးခြင်း၊

(ဆ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရေယာဉ်များကို ရပ်တန့်၍ ဝင်ရောက်စစ်ဆေးခြင်းနှင့် လိုအပ်သည့် စာရွက်စာတမ်းအထောက်အထား စသည်တို့ကို ရှာဖွေ သိမ်းဆည်းခြင်း၊

(ဇ) ဤဥပဒေနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်သော ရေယာဉ်အသင်းအဖွဲ့တို့အား တားဆီးခြင်းနှင့် ရေယာဉ်အား ယာယီ ထိန်းသိမ်းခြင်း၊

(ဈ) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ ကျင့်သုံး ဆောင်ရွက်ခြင်း။

၆။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက ဦးစီးဌာနကိုသော်လည်းကောင်း၊ ကြီးကြပ်ရေးဗဟိုအဖွဲ့ဝင်များအား အဖွဲ့ ဖွဲ့စည်း၍သော် လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း လွှဲအပ်တာဝန်ပေးနိုင်သည်။

၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့က မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အဖွဲ့ဝင် တစ်ဦးဦး၏ ရာထူးလစ်လပ်ခြင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး အလုပ်ဝတ္တရား မဆောင်ရွက် နိုင်ခြင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင် တစ်ဦးဦးအား ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိခြင်းကြောင့် သော်လည်းကောင်း ပျက်ပြယ်ခြင်း မရှိစေရ။

## အခန်း (၄)

## ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၈။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် လိုအပ်သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် မိမိကလွှဲအပ်သည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်နိုင်ရန် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်သည်။

၉။ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည် ကြီးကြပ်ရေးဗဟိုအဖွဲ့က အခါအားလျော်စွာ လွှဲအပ်သည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၀။ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည် မိမိတို့ဆောင်ရွက်သည့် တာဝန်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည်။

## အခန်း (၅)

## မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်

၁၁။ မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း နှစ်မျိုးလုံးအတွက်သော်လည်းကောင်း လုပ်ကိုင်လိုသူသည် ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးဗဟိုအဖွဲ့က အခွင့်အာဏာလွှဲအပ်ခြင်းခံရသည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်အသင်းအဖွဲ့ သို့မဟုတ် ရေယာဉ်အတွက် လုပ်ငန်းလိုင်စင်လျှောက်ထားရမည်။

၁၂။ ဤဥပဒေ အာဏာတည်သည့် နေ့ရက်တွင် မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှု အုပ်ချုပ်ရေး အက်ဥပဒေအရ လိုင်စင်ဖြင့် လုပ်ကိုင်နေသူသည်

လည်းကောင်း၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ လိုင်စင်ဖြင့် လုပ်ကိုင်နေသူသည်လည်းကောင်း အဆိုပါ လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက သတ်မှတ်ပေးသည့် ကာလအတွင်း ပုဒ်မ ၁၁ နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။ ထိုသို့ လုပ်ငန်းလိုင်စင်လျှောက်ထားဆဲ ကာလအတွင်း ထိုသူသည် အဆိုပါလုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်နိုင်ခွင့် ရှိစေရမည်။

၁၃။ ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးဗဟိုအဖွဲ့က အခွင့်အာဏာလွှဲအပ်ခြင်းခံရသည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည် ပုဒ်မ ၁၁ နှင့် ၁၂ တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ လုပ်ငန်းလိုင်စင်ရရှိသူ သို့မဟုတ် အသင်းအဖွဲ့သည် -

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ခကို ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် သက်ဆိုင်သည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ ပေးသွင်းရမည်၊

(ခ) လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) လုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၅။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကျိုးစီးပွားအလို့ငှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းပိုင်ရေယာဉ်များကို ဤဥပဒေအရ လုပ်ငန်းလိုင်စင်ရယူခြင်းကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ကြေးကိုဖြစ်စေ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၆)
## ကြီးကြပ်ရေးဗဟိုအဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်

၁၆။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကိုဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများ သို့မဟုတ် အမိန့်တစ်ခုခုကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် လိုက်နာရန် ပျက်ကွက်သော လုပ်ငန်းလိုင်စင်ရရှိထားသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်သော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

## အခန်း (၇)
## အယူခံခြင်း

၁၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့က ပုဒ်မ ၁၆ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည်ကို သိရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပို့ဆောင်ရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၁၈။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပုဒ်မ ၁၇ အရ အယူခံမှုကို စိစစ်ပြီး ကြီးကြပ်ရေးဗဟိုအဖွဲ့၏ အမိန့်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

## အခန်း (၈)
## တားမြစ်ချက်များ

၁၉။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ ရေယာဉ်ဖြင့် မြန်မာ့ကမ်းရိုးတန်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကိုဖြစ်စေ၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုဖြစ်စေ၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း နှစ်မျိုးလုံးကိုဖြစ်စေ လုပ်ကိုင်ခြင်းမပြုရ သို့မဟုတ် လုပ်ကိုင်စေခြင်း မပြုရ။

၂၀။ မည်သူမျှ လုပ်ငန်းလိုင်စင်ကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ထုတ်ပေးထားသည့် ရေယာဉ်ကိုဖြစ်စေ ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုရာတွင် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်ရယူရန် ပျက်ကွက်ခြင်းမရှိစေရ။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၁။ (က) မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ရာ၌ လုပ်ငန်းလိုင်စင်မရှိဘဲ ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သော သက်သေခံပစ္စည်းအဖြစ် ဖမ်းဆီးထားသည့် ရေယာဉ်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ချမှတ်ခြင်းခံရမည်။

၂၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ သို့မဟုတ် အမိန့်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၀)
## အထွေထွေ

၂၄။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်ကြေး၊ လုပ်ငန်းလိုင်စင်သက်တမ်း၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် အခြား အခကြေးငွေများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားရမည်။

၂၅။ ဤဥပဒေအရ တရားစွဲဆို တင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံ ပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၂၆။ ဤဥပဒေပုဒ်မ ၁၉ ပါ တားမြစ်ချက်သည် ဖျားနာသော သို့မဟုတ် ဒဏ်ရာရသော သူများအား သယ်ဆောင်ခြင်း၊ ဘေးဒုက္ခမှ ကယ်ဆယ်ရန် အစားအစာ၊ ဝတ္ထုပစ္စည်း သို့မဟုတ် ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်းနှင့် အရေးတကြီးလိုအပ်သောကိစ္စများတွင် ရေယာဉ်ကိုအသုံးပြုခြင်း စသည်တို့နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့နှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေများနှင့် ဒဏ်ကြေးများအား ပေးဆောင်ရန် ပျက်ကွက်သည့် ကြွေးကျန်များကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၂၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးဗဟိုအဖွဲ့ဝင်နှင့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၀။ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤဥပဒေအရသာလျှင် ဆောင်ရွက်ရမည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့တို့ကလည်းကောင်း၊ ဦးစီးဌာနကလည်းကောင်း လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၂။ ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှု အုပ်ချုပ်ရေးအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၀/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၀) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီး

လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁)၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၈/၂၀၁၂)၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၄/၂၀၁၃) နှင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၅/၂၀၁၄) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၃၂၂၇<br>ဗိုလ်မှူး သိန်းထိုက် | (အစား) | ကြည်း ၃၇၁၆၄<br>ဗိုလ်မှူး ပြည့်ဖြိုးဇော် |
| (၂) | ကြည်း ၂၇၆၀၄<br>ဗိုလ်မှူး မြင့်ထွေး | (အစား) | ကြည်း ၃၅၆၀၆<br>ဗိုလ်မှူး ဇေယျာဦး |
| (၃) | ကြည်း ၃၄၉၅၆<br>ဗိုလ်မှူး ဇော်လင်းအောင် | (အစား) | ကြည်း ၂၈၃၆၁<br>ဗိုလ်မှူး သိန်းခိုင်မြင့် |
| (၄) | ကြည်း ၂၉၅၀၆<br>ဗိုလ်ကြီး စိုးထွေးအောင် | (အစား) | ကြည်း ၃၅၁၃၂<br>ဗိုလ်ကြီး ခင်မောင်ဝင်း |
| (၅) | လေ ၂၇၁၄<br>ဗိုလ်မှူး လွင်ကိုကို | (အစား) | လေ ၂၇၅၆<br>ဗိုလ်မှူး ဝင်းမင်းထွန်း |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၆) | ကြည်း ၂၄၁၀၈<br>ဗိုလ်မှူး အောင်သက်မြင့် | (အစား) | ကြည်း ၂၃၂၇၀<br>ဗိုလ်မှူး ဇော်မြင့် |
| (၇) | ကြည်း ၂၈၅၃၇<br>ဗိုလ်မှူး အောင်ဇော်ဟိန်း | (အစား) | ကြည်း ၃၅၆၃၁<br>ဗိုလ်မှူး ဉာဏ်ဖြိုးခိုင် |
| (၈) | ကြည်း ၂၉၆၆၁<br>ဗိုလ်မှူး စောရန်အောင် | (အစား) | ကြည်း ၂၄၂၃၁<br>ဗိုလ်မှူး ကျော်သူလွင် |
| (၉) | ကြည်း ၂၁၀၅၇<br>ဗိုလ်မှူး ဖုန်းမြင့်နိုင် | (အစား) | ကြည်း ၂၀၆၈၁<br>ဗိုလ်မှူး တိုးအောင် |
| (၁၀) | ကြည်း ၃၆၅၃၄<br>ဗိုလ်ကြီး ဖြိုးမြင့်ဆွေ | (အစား) | ကြည်း ၂၉၅၀၆<br>ဗိုလ်ကြီး စိုးထွေးအောင် |

အမိန့်အရ

တင်ထွန်း၊
အတွင်းရေးမှူး၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် )

## လက်ထောက်ညွှန်ကြားရေးမှူးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြင့်ထွန်းအား မိသားစုအခက်အခဲများကြောင့် နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏လျှောက်ထားချက်နှင့် ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက်အရ မည်သည့်အကျိုးခံစားခွင့်ကိုမျှ ရယူခြင်းမပြုဘဲ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ ညနေပိုင်းမှစ၍ ဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

တင်အေး၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

**[ ယခင်အပတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၄)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများမှအဆက် ]**

ပုံစံ (၆-ဃ)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ ပြန်လည်ထုတ်ပေးခြင်း

[ နည်းဥပဒေ ၃၈ (ခ) ]

သို့

ဦး/ဒေါ် --------------------------

------------------------ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းထားသူ/ ရွေးကောက်ပွဲကိုယ်စားလှယ်

အကြောင်းအရာ။ **ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ ပြန်လည်ထုတ်ပေးခြင်း**

----------------- မြို့နယ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ် ( ) သို့မဟုတ် ---------------- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------------- တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းထားသူ ဦး/ဒေါ် ------------------- သည် ရွေးကောက်တင်မြှောက်ခြင်းမခံရသော်လည်း ရွေးကောက်ပွဲတွင် ခိုင်လုံသောဆန္ဒမဲ ရှစ်ပုံတစ်ပုံနှင့်အထက် ရရှိသဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၃၈ (ခ) အရ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ ၃၀၀၀၀၀ိ/- (ကျပ်သုံးသိန်းတိတိ) ကို ၂၀ ခုနှစ်၊ လ ရက်နေ့တွင် ပြန်လည်ထုတ်ပေးလိုက်ပါသည်။

ရုံးတံဆိပ်

--------------- ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ (သို့မဟုတ်)
ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသူ

---

သို့

ဥက္ကဋ္ဌ

----------------------- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ **ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေလက်ခံရရှိကြောင်း ပြန်ကြားခြင်း**

ဦး/ဒေါ် ------------------------ သည် ရွေးကောက်တင်မြှောက်ခြင်း မခံရသော်လည်း ရွေးကောက်ပွဲတွင် ခိုင်လုံသောဆန္ဒမဲ ရှစ်ပုံတစ်ပုံနှင့်အထက် ရရှိသဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၃၈ (ခ) အရ ပြန်လည်ထုတ်ပေးသည့် ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေ ၃၀၀၀၀၀ိ/- (ကျပ်သုံးသိန်းတိတိ) ကို ၂၀ ခုနှစ်၊ လ ရက်နေ့တွင် လက်ခံရရှိပါသည်။

ဦး/ဒေါ် -----------------------

------------------------ မဲဆန္ဒနယ်

လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းထားသူ/
ရွေးကောက်ပွဲကိုယ်စားလှယ်
(မလိုအပ်သည်များကို ပယ်ဖျက်ပါရန်)

ပုံစံ (၈)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ**
**မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်ခန့်စာ**

[ နည်းဥပဒေ ၂၃ (ခ) ]

ဓာတ်ပုံ

သို့

--------------------ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ
--------------------မြို့

ဤရွေးကောက်ပွဲတွင် ---------------- မြို့နယ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် ( ) သို့မဟုတ် --------------- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ( ------------ တိုင်းရင်းသားလူမျိုး) ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း ကျွန်ုပ် -------------------- က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၂၃ (က) အရ ဤမဲဆန္ဒနယ်အတွင်းရှိ ----------------- ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအမှတ် ( ) ၌ ကျွန်ုပ်၏ မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်အဖြစ်ဖြင့် ဆောင်ရွက်စေရန် ဦး/ဒေါ် ------------- မှတ်ပုံတင်အမှတ် -------------------- အား ခန့်ထားပါသည်။ ယင်း၏ အမည်သည် -------------- ရပ်ကွက်/ကျေးရွာအုပ်စု မဲစာရင်းအမှတ်စဉ် ( ) တွင် ပါရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်း၏လက်မှတ်

ရက်စွဲ၊ ----------------------

ကျွန်ုပ်သည် မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် သဘောတူပါသည်။ ကျွန်ုပ်သည် ------------------------- မြို့နယ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် ( ) သို့မဟုတ် ------------------- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ( ----------------------- တိုင်းရင်းသားလူမျိုး ) အတွက် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံပါသည်။

မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ ----------------------

ခန့်ထားခြင်းကို အသိအမှတ်ပြုသည်။

ရုံးတံဆိပ်

------------ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ရက်စွဲ၊ ----------------------

(မလိုအပ်သည်များကို ပယ်ဖျက်ပါရန်)

ပုံစံ (၈-က)

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းလွှာ

[ နည်းဥပဒေ ၂၅ ]

သို့

ဥက္ကဋ္ဌ
--------------------ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ
--------------------မြို့

စာအမှတ်၊
ရက်စွဲ၊　　ခုနှစ်၊　　　လ　　ရက်

အကြောင်းအရာ။　　**မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းကြောင်း တင်ပြခြင်း**

ဤရွေးကောက်ပွဲတွင် ------------------------ မြို့နယ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (　　) သို့မဟုတ် ---------------- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် (　 ------------- တိုင်းရင်းသားလူမျိုး) ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း ကျွန်ုပ် ------------------------ က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၂၃ (က) အရ ဤမဲဆန္ဒနယ်အတွင်းရှိ --------------------- ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအမှတ် (　　　) ၌ ကျွန်ုပ်၏ မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ် အဖြစ် ခန့်ထားခဲ့သော ဦး/ဒေါ် ----------------- မှတ်ပုံတင်အမှတ် --------------------- အား အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ------------ ရက်နေ့မှစ၍ ကျွန်ုပ်၏ မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းလိုက်ပါကြောင်း တင်ပြအပ်ပါသည် -

(၁) မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခြင်း၊
(၂) ကွယ်လွန်ခြင်း၊
(၃) မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခြင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်း၏လက်မှတ်

ရက်စွဲ၊ ----------------------

(မလိုအပ်သည်များကို ပယ်ဖျက်ရန်)

ပုံစံ (၁၁)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဆန္ဒမဲပေးခြင်းမစတင်မီ ဆန္ဒမဲလက်မှတ်များ ရေတွက်စစ်ဆေးခြင်းမှတ်တမ်း

[ နည်းဥပဒေ ၄၀ (ဂ) ]

----------------------မြို့နယ် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် ( )

--------------------မြို့နယ်၊ ------------------ရပ်ကွက်/ကျေးရွာအုပ်စု

မဲရုံအမှတ် ( ) တွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များနှင့် မဲပုံးများကို ဆန္ဒမဲပေးခြင်းမပြုမီ ------------- ရက်နေ့ -------- အချိန်တွင် မျက်မြင်လက်တွေ့ စစ်ဆေးခဲ့ရာ မဲပုံးများမှာ အလွတ်များ ဖြစ်ပြီး ဆန္ဒမဲလက်မှတ်များနှင့် မဲပုံးအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးပါသည် -

၁။ ဆန္ဒမဲလက်မှတ်အရေအတွက် (ဂဏန်းဖြင့်) ------------၊ (စာဖြင့်) -------------

၂။ မဲပုံးအလွတ်အရေအတွက် (ဂဏန်းဖြင့်) ---------------၊ (စာဖြင့်) -------------

မဲရုံမှူး

အမည်၊ -----------------------------

ရက်စွဲ၊ -------------------- မှတ်ပုံတင်အမှတ်၊ ---------------------

| | | |
|---|---|---|
| မဲရုံအဖွဲ့ဝင် | မဲရုံအဖွဲ့ဝင် | မဲရုံအဖွဲ့ဝင် |
| အမည်၊ -------------------- | အမည်၊ -------------------- | အမည်၊ -------------------- |
| မှတ်ပုံတင်အမှတ်၊ ---------- | မှတ်ပုံတင်အမှတ်၊ ---------- | မှတ်ပုံတင်အမှတ်၊ ---------- |
| | | |
| မဲရုံကိုယ်စားလှယ် | မဲရုံကိုယ်စားလှယ် | မဲရုံကိုယ်စားလှယ် |
| အမည်၊ -------------------- | အမည်၊ -------------------- | အမည်၊ -------------------- |
| မှတ်ပုံတင်အမှတ်၊ ---------- | မှတ်ပုံတင်အမှတ်၊ ---------- | မှတ်ပုံတင်အမှတ်၊ ---------- |

(မလိုအပ်သည်များကို ပယ်ဖျက်ရန်)

ပုံစံ (၁၁-က)

**လွှတ်တော်ရွေးကောက်ပွဲများ**

**မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသို့ ဆန္ဒမဲလက်မှတ်နှင့် စာအိတ်ထုတ်ပေးသည့်စာရင်း**

[ နည်းဥပဒေ ၄၀ (က) ]

----------------------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

| စဉ် | လွှတ်တော် | မဲဆန္ဒနယ် | ဆန္ဒမဲလက်မှတ် အရေအတွက် | | စာအိတ် အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အုပ်ရေ | ရွက်ရေ | | |
| ၁<br>၂<br>၃<br>၄ | ပြည်သူ့လွှတ်တော်<br>အမျိုးသားလွှတ်တော်<br>တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်<br>တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | ------------------မြို့နယ်မဲဆန္ဒနယ်<br>မဲဆန္ဒနယ်အမှတ် ( )<br>-------------- မြို့နယ်မဲဆန္ဒနယ်အမှတ် ( )<br>-------------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်<br>-------------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်<br>-------------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | | |
| | | **စုစုပေါင်း** | | | | |

အထက်ပါအတိုင်း ဆန္ဒမဲလက်မှတ် စာအုပ် ( )၊ ရွက်ရေ ( ) စောင်နှင့် စာအိတ် ( ) ကို ထုတ်ပေး/လက်ခံ ရရှိပါသည်။

ဥက္ကဋ္ဌ အတွင်းရေးမှူး
--------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ဥက္ကဋ္ဌ အတွင်းရေးမှူး
----------- ရပ်ကွက်/ကျေးရွာအုပ်စု
ကော်မရှင်အဖွဲ့ခွဲ

ရက်စွဲ၊ --------------------

ရက်စွဲ၊ --------------------

**မှတ်ချက်။** ဤပုံစံကို (၂) စောင်ပြုစု၍ တစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လက်ခံအဖြစ် သိမ်းဆည်း၍ ကျန်တစ်စောင်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လက်ခံအဖြစ် သိမ်းဆည်းထားရမည်။

ပုံစံ (၁၁-ခ)

**လွှတ်တော်ရွေးကောက်ပွဲများ**

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများမှ မဲရုံမှူးသို့ ဆန္ဒမဲလက်မှတ် ထုတ်ပေးသည့်စာရင်း**

[ နည်းဥပဒေ ၄၀ (ခ) ]

----------------------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

| စဉ် | လွှတ်တော် | မဲဆန္ဒနယ် | ဆန္ဒမဲလက်မှတ် အရေအတွက် | | မှတ်ချက် |
|---|---|---|---|---|---|
| | | | အုပ်ရေ | ရွက်ရေ | |
| ၁<br>၂<br>၃<br>၄ | ပြည်သူ့လွှတ်တော်<br>အမျိုးသားလွှတ်တော်<br>တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်<br>တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | ------------------မြို့နယ်မဲဆန္ဒနယ်<br>မဲဆန္ဒနယ်အမှတ် ( )<br>-------------- မြို့နယ်မဲဆန္ဒနယ်အမှတ် ( )<br>-------------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်<br>-------------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်<br>-------------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | |
| | **စုစုပေါင်း** | | | | |

အထက်ပါအတိုင်း ဆန္ဒမဲလက်မှတ် စာအုပ် ( )၊ ရွက်ရေ ( ) စောင်ကို ထုတ်ပေး/လက်ခံ ရရှိပါသည်။

ဥက္ကဋ္ဌ အတွင်းရေးမှူး
--------ရပ်ကွက်/ကျေးရွာအုပ်စု
ကော်မရှင်အဖွဲ့ခွဲ
ရက်စွဲ၊ -------------------

မဲရုံမှူး
အမည်၊ ----------------------
မဲရုံအမှတ်၊ ----------------------
ရက်စွဲ၊ ----------------------

**မှတ်ချက်။** ဤပုံစံကို (၂) စောင်ပြုစု၍ တစ်စောင်ကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လက်ခံအဖြစ် သိမ်းဆည်းထား၍ တစ်စောင်ကို မဲရုံမှူးက သိမ်းဆည်းထားရမည်။

ပုံစံ (၁၃)

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးသူများစာရင်း

[ နည်းဥပဒေ ၅၁ (ဆ) ]

------------ မြို့နယ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် ( )
သို့မဟုတ် ------------------ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်
---------------------------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်
---------------------------- ရပ်ကွက်/ကျေးရွာအုပ်စု

မဲရုံအမှတ် (　　)

| စဉ် | မဲစာရင်း အမှတ်စဉ် | ကြိုတင်ဆန္ဒမဲ ပေးသူအမည် | အဘအမည် | လက်ခံဖြတ်ပိုင်း အမှတ်စဉ် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

လွှဲပြောင်းပေးအပ်သူ

အထက်ပါအတိုင်း ချိပ်ပိတ်ထားသည့် မဲပုံး (၁) ပုံးနှင့် ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း (　) စောင်ကို လက်ခံရရှိပါသည်။

ဥက္ကဋ္ဌ/အတွင်းရေးမှူး
------------- ရပ်ကွက်/ကျေးရွာအုပ်စု
ကော်မရှင်အဖွဲ့ခွဲ
---------------------- မြို့နယ်
ရက်စွဲ၊ ----------------------------

မဲရုံမှူး၏လက်မှတ် ---------------
အမည် ------------------------
ရက်စွဲ၊ ------------------------

(မလိုအပ်သည်များကို ပယ်ဖျက်ပါရန်)

ပုံစံ (၁၅)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

----------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ --------------------- သည် ------------------- ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် -----------------------------------------
(၂) တိုင်းရင်းသားလူမျိုး -----------------------------------------
(၃) မှတ်ပုံတင်အမှတ် -----------------------------------------
(၄) မွေးသက္ကရာဇ် (အသက်) -----------------------------------------
(၅) အဘအမည် -----------------------------------------
(၆) အမိအမည် -----------------------------------------
(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ - အမှတ် (    )
-------------လမ်း/ကျေးရွာ--------------ရပ်ကွက်/ကျေးရွာအုပ်စု၊
-------------မြို့နယ်၊ -------------------တိုင်းဒေသကြီး/ပြည်နယ်
(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် ------------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) ---------------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ -----------------------

(*တောင်းဆိုသူ၏အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်း ဖြစ်ရမည်။)

ပုံစံ (၁၆)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ**
**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသော ဆန္ဒမဲစာရင်း**
[ နည်းဥပဒေ ၆၆ (င) ]

-----------------မြို့နယ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (    ) ရပ်ကွက်/ကျေးရွာအုပ်စု ----------------မဲရုံအမှတ် (    )

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသောပါတီ (သို့မဟုတ်) တစ်သီးပုဂ္ဂလ | ရရှိသောဆန္ဒမဲအရေအတွက် | | စုစုပေါင်း | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ဆန္ဒမဲ လက်မှတ်ဖြင့် | ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် | ဂဏန်းဖြင့် | စာဖြင့် | |
| | | | | | | | ၁။ ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ် = |
| | | | | | | | ၂။ မဲပုံးထဲမှ ထုတ်ယူရရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ် = |
| | | | | | | | ၃။ ရေတွက်သည့် ကြိုတင်ဆန္ဒမဲ လက်မှတ်နှင့်ဆန္ဒမဲလက်မှတ်ပေါင်း = |
| | | | | | | | ၄။ ပယ်မဲပေါင်း = |
| | | | | | | | ၅။ ပျောက်မဲပေါင်း = |
| | | | | | | | (၁+၂ = ၃+၄+၅) |
| | | | | | | | |

**မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။**

မဲရုံကိုယ်စားလှယ်များ လက်မှတ်နှင့်အမည်
၁။ ---------------------------------
၂။ ---------------------------------
၃။ ---------------------------------
၄။ ---------------------------------
ရက်စွဲ၊ ---------------------------------

အများပြည်သူအသိသက်သေများ လက်မှတ်နှင့်အမည်
၁။ -------------------------------------
၂။ -------------------------------------
၃။ -------------------------------------
၄။ -------------------------------------

မဲရုံမှူး/မဲရုံအဖွဲ့ဝင်များ လက်မှတ်နှင့်အမည်
၁။ မဲရုံမှူး ----------------------------
၂။ မဲရုံအဖွဲ့ဝင် ------------------------
၃။ မဲရုံအဖွဲ့ဝင် ------------------------
၄။ မဲရုံအဖွဲ့ဝင် ------------------------

မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။

၂

သက်သေများစာရင်း

၁။ ဦး/ဒေါ် ---------------------------------------------------------

၂။ ဦး/ဒေါ် ---------------------------------------------------------

၃။ ဦး/ဒေါ် ---------------------------------------------------------

၄။ ဦး/ဒေါ် ---------------------------------------------------------

၅။ ဦး/ဒေါ် ---------------------------------------------------------

၆။ ဦး/ဒေါ် ---------------------------------------------------------

၇။ ဦး/ဒေါ် ---------------------------------------------------------

၈။ ဦး/ဒေါ် ---------------------------------------------------------

၉။ ဦး/ဒေါ် ---------------------------------------------------------

၁၀။ ဦး/ဒေါ် ---------------------------------------------------------

ပုံစံ (၁၆-က)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသော ဆန္ဒမဲစာရင်း

[ နည်းဥပဒေ ၆၆ (င) ]

-----------------------------------တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် -------------------------------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်

မြို့နယ် --------------------------------------------------- ရပ်ကွက်/ကျေးရွာအုပ်စု ------------------------ မဲရုံအမှတ် (    )

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | တိုင်းရင်းသားလူမျိုး အမည် | ရရှိသောဆန္ဒမဲအရေအတွက် | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ဆန္ဒမဲ လက်မှတ်ဖြင့် | ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် | စုစုပေါင်း | | |
| | | | | | ဂဏန်းဖြင့် | စာဖြင့် | |
| | | | | | | | ၁။ ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ် = |
| | | | | | | | ၂။ မဲပုံးထဲမှ ထုတ်ယူရရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ် = |
| | | | | | | | ၃။ ရေတွက်သည့် ကြိုတင်ဆန္ဒမဲ လက်မှတ်နှင့်ဆန္ဒမဲလက်မှတ်ပေါင်း = |
| | | | | | | | ၄။ ပယ်မဲပေါင်း = |
| | | | | | | | ၅။ ပျောက်မဲပေါင်း = (၁+၂ = ၃+၄+၅) |
| | | | | | | | |
| | | | | | | | |

**မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။**

မဲရုံကိုယ်စားလှယ်များ လက်မှတ်နှင့်အမည်
၁။ ----------------------------------
၂။ ----------------------------------
၃။ ----------------------------------
၄။ ----------------------------------
ရက်စွဲ၊ ----------------------------------

အများပြည်သူအသိသက်သေများ လက်မှတ်နှင့်အမည်
၁။ ----------------------------------
၂။ ----------------------------------
၃။ ----------------------------------
၄။ ----------------------------------

မဲရုံမှူး/မဲရုံအဖွဲ့ဝင်များ လက်မှတ်နှင့်အမည်
၁။ မဲရုံမှူး ----------------------------
၂။ မဲရုံအဖွဲ့ဝင် ------------------------
၃။ မဲရုံအဖွဲ့ဝင် ------------------------
၄။ မဲရုံအဖွဲ့ဝင် ------------------------

မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။

၂

သက်သေများစာရင်း

၁။ ဦး/ဒေါ် ----------------------------------------

၂။ ဦး/ဒေါ် ----------------------------------------

၃။ ဦး/ဒေါ် ----------------------------------------

၄။ ဦး/ဒေါ် ----------------------------------------

၅။ ဦး/ဒေါ် ----------------------------------------

